ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ဖါပွန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မထောကျေးရွာ၊ ဖာပွန်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မထောကျေးရွာ သယံဇာတပြမြေပုံ၊ ဖါပွန်မြို့နယ်	၅
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၆
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၆
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၆
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၆
	(က) သီးနှံ စိုက်ပျိုးရေး	၇
	(ခ) မွေးမြူရေးလုပ်ငန်း	၇
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၇
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၈
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၈
	(ခ) ကျေးရွာ မီးလင်းရေး	၈
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၈
၆။	**ပညာရေး**	၈
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၉
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၉
၉။	**ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	၁၀
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၁
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၄
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၅
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၄
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၀
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၂
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၄

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာ စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။


ဩဂုတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မထောကျေးရွာ

ဖါပွန်မြို့နယ်

မထောကျးရွာ သယံဇာတမြေပုံ၊ ဖါပွန်မြို့နယ်


ကျေးကွန်း သံယံဆောက်လုပ်ရေးပုံ
(ဖလောကျေးကွာ၊ ဖျာပုန်းမြို့နယ်)
အညွှန်း
ဘုန်းကြီးကျောင်း
ဘုရားကျောင်း
အာဇာနည်ကျောင်း
အုတ်ဂူတိုင်ကြီး
စေတီ
ဒုတ်ခွာ
ကျွန်းအိမ်
ကားလမ်း
ကျွဲလှည်းလမ်း
တံတား
လယ်ကွင်း
ဘဒဲ့ကွေ့ကွာ
ဘဖရာကွေ့ကွာ
ကွေ့ကောလမ်း

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မထောကျေးရွာသည် ကရင်ပြည်နယ်၊ ဖါပွန်ခရိုင်၊ ဖါပွန်မြို့နယ်၏ မထောကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာသည် ဖါပွန်မြို့နှင့် ကမမောင်းမြို့သို့ ဆက်သွယ်ထားသော လမ်းမကြီးဘေးတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ယွန်းစလင်းချောင်း စီးဆင်းလျက်ရှိပြီး ၊ အနောက်ဘက်တွင် သာမကြူလော်ကျေးရွာနှင့် သာခို့လော်ကျေးရွာတို့ တည်ရှိနေပါသည်။ ကျေးရွာတွင် ကရင်၊ ရှမ်း၊ ဗမာ၊ စသည့် တိုင်းရင်းသားများ စုပေါင်း နေထိုင်ကြပြီး ဗမာလူမျိုးနှင့် ရှမ်းလူမျိုးမှာ လူနည်းစုဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်သော်လည်း အပူထက် အအေးပိုလျက်ရှိပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာနှင့် တောင်ယာမြေ (၂၂၃)ဧက ရှိပါသည်။ သဘာဝပေါက်ပင်များလည်း အသင့်အတင့်ပေါက်ရောက်မှု ရှိပါသည်။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် စားသုံးရန် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေး အသင့်အတင့်ရှိပါသည်။ ဥယျာဉ်ခြံမြေများတွင် ရာဘာများကို စိုက်ပျိုးကြပြီး မြေဆီလွှာ အရည်းအသွေးများ ကောင်းမွန်ပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ဂေါပကအဖွဲ့ (ကျား - ၂ ဦး) ၊ လူငယ်အဖွဲ့ (ကျား- ၁၈ /မ- ၁၃ = ၂၃ ဦး) တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံး လုပ်ဆောင်နေကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ (ကျား-၂ ဦး) သည် ကျေးရွာစာသင်ကျောင်းရှိ ဆရာ/ဆရာမများနှင့်ပူးပေါင်း၍ ကျေးရွာ၏ပညာရေးကဏ္ဍ တိုးတက်လာစေရေးနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန်အတွက် လုပ်ဆောင်လျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ သို့သော်လည်း မထောကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်ပေးနေသော ပြင်ပအဖွဲ့အစည်းများမရှိပါ။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

မထောကျေးရွာတွင် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၂၂) အိမ်ထောင်စု နှင့် ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃၃) အိမ်ထောင်စုရှိပါသည်။ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၂) အိမ်ထောင်စု၊ ၁၂.၅ ဧက အထက် တောင်သူကြီးမရှိပေ။ တောင်သူအများစုသည် အဓိကအားဖြင့် စပါးနှင့် နှမ်းများကို အားထားစိုက်ပျိုးကြပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု (၄၀) ရှိ [illegible] စား ကျပန်းလုပ်ငန်းများနှင့် ပြည်ပတွင် သွားရောက် လုပ်ကိုင်နေကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ ရေလွှဲဆည်မှရရှိယူခြင်း အချို့လယ်ယာမြေများသည် မိုးရေဖြင့် အဓိကအားထား စိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေးအတွက် ရေအရင်းအမြစ် မရှိသောကြောင့် နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်း နည်းပါးပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၃၀) တင်း ရှိပါသည်။ နှမ်းအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၄) တင်း ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၄) စီး၊ ကျေးရွာပိုင် ခြွေလှေ့ စက် (၁) လုံး ရှိပါသည်။ အဖွဲ့ပိုင် ထွန်စက်၊ ခြွေလှေ့စက် မရှိပါ။ စက်များကို ငှားရမ်းလုပ်ကိုင် နေကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုလည်း မြို့နှင့်သွားလာရေး လွယ်ကူလာသောကြောင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး ဖွံ့ဖြိုးရေးအားနည်းမှု ရှိသောကြောင့် စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန်များကို ကုန်သည်၊ ပွဲစားများနှင့် ဈေးတွင် ရောင်းချနေသော်လည်းဈေးနှုန်းမှန်ကန်စွာရောင်းချနိုင်ခြင်းမရှိပါ။

မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုများ အနည်းငယ် ကျရောက်ပါသည်။ ၄င်းအပြင် ပဲနှင့်ပြောင်းစိုက်ပျိုးချိန်များတွင်လည်း အရွက်ဖျက်ပိုးနှင့် သီးနှံခေါင်းပိုး အနည်းငယ် ကျရောက်ပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃၁) အိမ်ရှိပြီး နွားကောင်ရေ (၁၂၁) ကောင်၊ အိမ်ထောင်စု (၃၃)အိမ်မှ (၁၆၇)ကောင်၊ အိမ်ထောင်စု (၁၅) အိမ်မှ ဆိတ် (၇၅) ကောင်၊ အိမ်ထောင်စု (၅၆) အိမ်မှ ဝက် (၁၁၄) ကောင်၊ အိမ်ထောင်စု (၅၂) အိမ်မှ ကြက် (၁၁၀၀) ကောင်၊ စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင်

စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိ အိမ်ထောင်စုများသည် လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးအရောင်းအဝယ် လုပ်ငန်းစသည့်ဖြင့် အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေးဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ မရှိခြင်း၊ အလုပ်နှင့် လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှု မရှိခြင်း စသည်တို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။ ကျပန်းအလုပ်များလုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အား ရရှိနိုင်ပါ သည်။ ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ ကျေးရွာတွင် စက်ဘီး (၅၈) စီး၊ မော်တော် ဆိုင်ကယ် (၆၁) စီး၊ ကား (၁၉)စီး၊ နွားလှည်း(၅)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင် ကတ္တရာလမ်း (၁) လမ်း ရှိပါသည်။ လမ်းသည် အရည်အသွေး ကောင်းမွန်သောကြောင့် တစ်နှစ်ပတ်လုံးအသုံးပြု သွားလာရလွယ်ကူပါသည်။ ရွာချင်းဆက်လမ်းသည် မြေသားလမ်းဖြစ်ကြောင့် မိုးတွင်း မိုးရေများပြားပါက ဗွက်များ၊ ချိုင့်များဖြင့် လမ်းပျက်စီးမှုများ ဖြစ်ပေါ်ပါသည်။

မထောကျေးရွာတွင် ကွန်ကရစ်တံတား (၁) စင်းရှိကာ လွန်ခဲ့သော (၃)နှစ်အတွင်း တည်ဆောက်ခဲ့ခြင်းကြောင့် အရည်အသွေးကောင်းမွန်လျက်ရှိနေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓာတ်အားလိုင်း မရရှိသေးပါ။ ဆိုလာစနစ်ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု(၁၀၀)စု ရှိကြပြီး လျှပ်စစ်မီး လုံးဝအသုံးမပြုနိုင်သေးသော အိမ်ထောင်စု (၇) စု ရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မထောကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၀၈) လုံး၊ ရေဒီယို (၁) လုံး၊ တီဗွီ (၃၆) လုံး၊ ဂြိုလ်တုစလောင်း (၃၃) လုံးတို့မှ ရရှိသဖြင့် ကျေးရွာတွင်း ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည် မရှိပေ။

၆။ ပညာရေး

ကျေးရွာပိုင် အခြေခံပညာမူလတန်းကျောင်းတွင် ကလေးများ ပညာသင်ကြားနိုင်ပြီး ကူးဆိပ် ကျေးရွာနှင့်နီးသောကြောင့် အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များကို ဆက်လက် ပညာသင်ယူနိုင်ကြပါသည်။ မူလတန်းကျောင်းတွင် ကျောင်းဆောင်(၂)ခု ရှိပြီး အမိုး၊နံရံ၊အခင်းများ ကောင်မွန်လျက်ရှိကြောင့် ကလေးများ လုံခြုံစိတ်ချစွာ ပညာသင်ကြား လျက်ရှိပါသည်။ ထို့ပြင် ကျောင်းသုံးပရိဘောဂများလည်း လုံလောက်မှုရှိပြီး ကျောင်းသုံး အိမ်သာများလည်း အသင့်အသင့် ကောင်းမွန်ပါသည်။ ကျောင်းသားမိဘများ၊ ဆရာ/ ဆရာများအနေဖြင့်လည်း ကလေးများအတွက် အဟာရတိုက်ကျွေးမှုများ ဆောင်ရွက်ပေးသည့်အတွက် ကလေးများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ကြားနိုင်ပါသည်။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့် ဆရာ (၁) ဦးနှင့် ဆရာမ (၄) ဦးရှိပါသည်။ ကျေးရွာတွင် စာမတတ်သော သက်ကြီးရွယ်အိုများ (၃၈)ဦးရှိပါသည်။ လွန်ခဲ့သော ကာလများတွင် နယ်မြေမအေးချမ်းသောကြောင့် ပညာသင်ယူနိုင်မှု အခွင့်အလမ်း နည်းပါးခဲ့ရခြင်း ဖြစ်နိုင်ပါသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၃.၉၁)% အထိ များပြားပြီး၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၆.၅၁)% ၊ အထက်တန်းအဆင့် စာတတ်မြောက် သူများမှာ (၆.၄၂)% နှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်သူမှာ (၁.၅၃) % တို့ ရှိခြင်းကြောင့် ပညာရေးကဏ္ဍတွင် အားနည်းနေသည်ဟု ဆိုနိုင်ပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် လိုအပ်သည့် ကာကွယ်ဆေးများအား ကျန်းမာရေးဦးစီးဌာနက နှစ်စဉ် နှစ်တိုင်း ကျေးရွာအထိ လာရောက်ထိုးပေးလျက်ရှိပြီး၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် ကျေးရွာရှိ ကလေးသူငယ် များအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး လာရောက်ထိုးနှံပေးခဲ့ပါသည်။ ကျေးရွာနှင့်နီးသော ကူးဆိပ်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရှိသည့်အပြင် အရေးပေါ်အခြေအနေတွင် ဖါပွန်မြို့နယ်ဆေးရုံကြီးသို့ အလွယ်တကူ ပို့ဆောင် ပေးနိုင်သော်လည်း လျှပ်စစ်မီးမရရှိသေးသဖြင့် ကျန်းမာရေးနှင့် ပတ်သက်သည့် အခက်အခဲ ကြုံတွေ့ရမှုရှိပါသည်။

မထောကျေးရွာတွင် သောက်သုံးရေအတွက် ရေတွင်းကို အဓိကထား အသုံးပြုကြပါသည်။ မိုးနှင့် ဆောင်းရာသီတွင် ရေလုံလောက်မှုရှိသော်လည်း နွေရာသီတွင် ရေတွင်း နည်းပါးပြီး လူဦးရေများပြားသဖြင့် ရေလုံလောက်မှုမရှိသည့်အတွက် ရေတွင်းများ လိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသော ယင်လုံ အိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု အများအပြားရှိပြီး မသန့်ရှင်းသော ယင်လုံ အိမ်သာ အသုံးပြုသည့် အိမ်ထောင်စုမှာ (၄၄)စု ရှိနေသောကြောင့် ကျန်းမာသန့်ရှင်းရန်အတွက် သန့်ရှင်းသော ယင်လုံအိမ်သာများ သုံစွဲတတ်လာရန် ကျေးရွာများသို့ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

မထောကျေးရွာတွင် ကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ် ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေ အနေများ ကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

မထောကျေးရွာတွင် သဘာဝဆေးဖက်ဝင် အပင်များစွာ ရှိသော်လည်း အသုံးချနိုင်မှု နည်းလမ်းများမသိရှိပါ။ သဘာဝတိရစ္ဆာန် မျိုးစိတ်များ ရှားပါးပါသည်။ ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါနှင့် ၄က်ဖျားရောဂါများသည် မိုးရာသီတွင် အဖြစ်များပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မထောကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးမှု လုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – မထော			ကျေးရွာအမည် – မထော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်၊ ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၅	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၆	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ပန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၈	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။	

ကျေးရွာအုပ်စုအမည် – မထော			ကျေးရွာအမည် – မထော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စား စီးပွားရေးလုပ်ငန်း များဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း။ (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	
၁၁	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင် မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	မူလွန်ကျောင်းဆောင်သစ် (၃၀' × ၉၀') တစ်ဆောင် ဆောက်လုပ်ခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရရှိအောင် ဆောင်ရွက်ခြင်း။	
၁၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး	ရာသီအလိုက် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန် ပြုလုပ်ခြင်း။	
၁၅	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာပတ်လမ်း (၈၀၀ ' × ၁၀' × ၆") အား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။	ဆောင် ရွက်ပြီး
၁၆	အခြေခံအဆောက်အဦ	သောက်သုံးရေ	စိမ့်စမ်းရေ (၂)မိုင် သွယ်တန်းခြင်း။	
၁၇	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည် မြင့်တင်ရေး သင်တန်းများ စီစဉ်ခြင်း။	
၁၈	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ကျေးရွာပိုင် ဗဟုသုတ လေ့လာရေး စင်တာတစ်ခု တည်ထောင်ခြင်း။	
၁၉	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	အား/ကာဒီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။	

ကျေးရွာအုပ်စုအမည် – မထော			ကျေးရွာအမည် – မထော	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၀	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၁	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၂	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၃	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	မူးယစ်ဆေးဝါး သုံးစွဲမှု လျော့ကျစေရေး အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။	
၂၄	သယံဇာတနှင့်သဘာဝ ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

မထောကျေးရွာ၊ မထောကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ထွန်းနိုင်	ဦးချစ်စိန်	၃/ဖပန (နိုင်) ၀၀၃၂၀၅	၄၆	နာယက	၀၉-၄၅၃၁၅၈၁၄
၂	ဦးဖိုးစက်	ဦးဘဦး	၃/ဖပန (နိုင်) ၀၃၀၉၉၇	၅၆	နာယက	
၃	ဦးနေဒူး	ဦးကျော်ကော	၃/ဖပန (နိုင်) ၀၂၄၂၁၁	၅၇	နာယက	
၄	ဦးပူဘိ	ဦးထွန်းဖေ	၃/ဖပန (နိုင်) ၀၂၀၁၄၄	၅၆	နာယက	
၅	ဦးထွန်းမင်းလတ်	ဦးထွန်းအေး	၃/ဖပန(နိုင်) ၀၁၅၂၆၃	၃၆	ဥက္ကဋ္ဌ	၀၉-၈၉၈၆၂၀၄၀၄
၆	ဦးမျိုးနိုင်ဦး	ဦးချစ်စိန်	၃/ဖပန (နိုင်) ၀၁၉၄၅၃	၃၄	အတွင်းရေးမှူး	၀၉-၈၉၅၀၆၁၇၁၄
၇	ဦးစိုင်းမြင့်အေး	ဦးရွှေဝင်း	၃/ဖပန (နိုင်) ၀၂၅၈၁၁	၃၄	ဘဏ္ဍာရေးမှူး	
၈	ဒေါ်နော်ဒေး	ဦးစော်ဂျော	၃/ဖပန(နိုင်) ၀၂၅၅၃၆	၁၉	စာရင်းကိုင်	၀၉-၂၆၄၂၃၃၅
၉	ဦးသန်းအေး	ဦးမာကလဲ	၃/ဖပန(နိုင်) ၀၂၃၉၉၈	၃၀	အဖွဲ့ဝင်	
၁၀	ဦးဖါးချီ	ဦးဖိုးစော	၃/ဖပန(နိုင်) ၀၂၉၉၃၁	၂၇	အဖွဲ့ဝင်	
၁၁	ဒေါ်လှမြိုင်	ဦးသောမ	၃/ဖပန(နိုင်) ၀၂၀၀၅၇	၄၁	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၄	၁၀
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၁	၃၂	၅၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၈	၂၉	၅၇
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၀	၃၂	၇၂
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၂၉	၁၃၆	၂၆၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၈	၁၃	၂၁
စုစုပေါင်း		**၁၃၂**	**၂၄၆**	**၄၈၈**
စုစုပေါင်း အိမ်ထောင်စု		**၁၀၇**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် အိမ်ထောင်စု (၁၀၇) စု၊ လူဦးရေ (၄၈၈) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၂.၀၉%) ၊ ၅ နှစ်အောက် ကလေးအရွယ် (၁၁.၀၈%)၊ မူလတန်းကျောင်းသားအရွယ် (၁၅.၆၉%)၊ အလယ်တန်း ကျောင်းသား အရွယ် (၁၅.၀၆%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၅၅.၄၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၄.၃၉%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၄.၃၉%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၁၂၉) ဦး၊ မ (၁၃၆) ဦး စုစုပေါင်း (၂၆၅) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၅၅.၄၄%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်	အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်	ရပ်တည်နိုင်မှု (မှတ်ချက်ကို

		အိမ်ထောင်စု	မိသားစုဝင်လုပ်အား	ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၆၆	၁၀၈	-	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၄	၆၇	မြင့် □ လတ် ☑ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□ လတ်□ နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□ လတ်□ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□ လတ်□ နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	၄	မြင့် □ လတ် ☑ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့်□လတ်□နိမ့်□

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၂	၁၈	၁	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့် ☐ လတ်☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	-၂	၁	မြင့် ☑ လတ်☐ နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐ နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	၂	မြင့်☐ လတ်☑ နိမ့်☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	–	မြင့်☐လတ်☐ နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း /	၁၃	၁၈	၃	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃	၄	၂၄	မြင့်□ လတ်☑ နိမ့် □
	စုစုပေါင်း	**၁၀၇**	**၁၄၆**	**၁၀၂**	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင် လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါ လုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်သည့် အိမ်ထောင်စုများပြားပြီး ကိုယ်ပိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်လျက်ရှိပါသည်။ တစ်ပိုင်တစ်နိုင် စျေးဆိုင်များဖွင့်သည့် အိမ်ထောင်စုများလည်းရှိ၍ လက်သမား၊ ပန်းရံ လုပ်ကိုင်သည့် အိမ်ထောင်စု အနည်းငယ်ရှိပါသည်။ ကျေးရွာတွင် ပညာရေး ဝန်ထမ်း (၁) ဦး ရှိပြီး ကျပန်းလုပ်ကိုင်သည့် အိမ်ထောင်စုမှာ များပြားလှပါသည်။ အခြားအသက်မွေးမှု နည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စု နည်းပါးသဖြင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးသောကြောင့် အိမ်နီးချင်း နိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများပြားပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ မရှိသော်လည်း တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူရေး လုပ်ငန်းကို လုပ်ကိုင်ကြသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်	အများဆုံး (ကျပ်)	အနည်းဆုံး (ကျပ်)

		ပုံ	ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	–	–	–	–
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	–	–	–	–
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	–	–	–	–
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	–	–	–	–
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၆၀၀၀	၆၀၀၀	၅၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	–	–	–	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	–	–	–	–
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများနှင့် လက်သမား၊ ပန်းရံလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်ကြပါသည်။ လုပ်ငန်းများအလိုက် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ်မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလည်း လုပ်အား စိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြည်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိရပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) **ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၈၁.၅၀	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈၆	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၄၄.၅၀	ကောင်း ☑	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၅	ကောင်း ☐	သင့်☑	ညံ့ ☐
ဓနိတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	၆	ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၂၂၃	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် စိုက်ပျိုးမြေ (၂၂၃) ဧကရှိပြီး မြေဆီလွှာ အရည်အသွေး အသင့်အတင့်ရှိပါသည်။ ဥယျာဉ်ခြံမြေများတွင် ရာဘာများကို စိုက်ပျိုးကြပြီး မြေဆီလွှာ အရည်းအသွေးများ ကောင်းမွန်ပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐	သင့်☑	နည်း ☐	မရှိ ☐	လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☑	နည်း ☐	မရှိ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☐	မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာ၏အနီးပတ်ဝန်းကျင်တွင် ကျောက်၊ သဲ၊ ကျောက်စရစ်များ အသင့်အသင့်ရှိသောကြောင့် အလွယ်တကူဝယ်ယူရရှိပြီး အသုံးချနိုင်ပါသည်။ ကျေးရွာတွင် သဘာဝအပင်အမျိုးစိတ်များဖြစ်သော ဆေးဘက်ဝင်အပင်များကို အသင့်အတင့်တွေ့ရှိရပြီး နည်းပညာမသိရှိသည့်အတွက် အသုံးချနိုင်မှု နည်းပါးပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၉	၃၆	၃၄	၂၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုသည် (၈.၄၁%)ရှိပြီး ကိုယ်ပိုင်စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြ၍ မြေယာ(၅)ဧကော ပိုင်ဆိုင်သည့် အိမ်ထောင်စုများဖြစ်ပါသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် (၃၃.၆၄%)ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ကြသည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများသည် (၅၇.၉၄%)ရှိပြီး အခြားလုပ်ငန်းများတွင် နေ့စားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၁	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = ၁_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၁၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____၃_____ ချေးယူ = ------၈------ လုပ်အားခကြိုယူ = ____၁_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____၅_____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာရှိ ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စု ပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူရာတွင် ကောက်ယူခဲ့သည့် အိမ်ထောင်စု (၁)စုမှာ (၃) လအောက် လုပ်အားခကြိုယူခြင်းဖြင့် စားသောက်နိုင်ပြီး၊ အိမ်ထောင်စု(၁၂)စုမှာ (၃-၅) လ အထိနှင့် အိမ်ထောင်စု(၅)စုမှာ (၆-၁၂)လ ဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် အထောက်အပံ့ယူခြင်းဖြင့် ဖြေရှင်းကြသည်။ ဝမ်းစာမဖူလုံသော်လည်း အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်းများမရှိကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက် ရလဒ်အရ သိရပါသည်။ ကျပန်းသမားများမှာ အခြားသောလုပ်ငန်းများတွင် နေ့စား၊ လခစား၊ ပုတ်ပြတ်များ လုပ်ကိုင်ခြင်း၊ အခြားဒေသများသို့ သွားရောက် အလုပ်လုပ်ကိုင်သူတို့ထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရန် ဖြေရှင်းနေကြရပါသည်။

(၄-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၂		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	–		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မထောကျေးရွာတွင် အမျိုးသမီးဦးဆောင်နေသော အိမ်ထောင်စု (၂)စုရှိပြီး မိသားစုများပြားသောကြောင့် ကျောင်းနေအရွယ် သား/သမီးများအား ကျောင်းကို ဆက်မထားနိုင်ပဲ ဝင်ငွေရလုပ်ငန်းများတွင် အလုပ်များဝင်ရောက်လုပ်ကိုင်နေသည်ကို တွေ့ရှိရပါသည်။ ထိုမိသားစုဝင်များအတွက် ကူညီစောင့်ရှောက်မှုများ အထူးလိုအပ်ပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့ ☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မထောကျေးရွာတွင် ကျပန်းလုပ်ငန်းများ လုပ်ကိုင်သူတွေအတွက် စားနပ်ရိက္ခာများ ဖူလုံမှုမရှိပါ။ စိုက်ပျိုးရေးလုပ်ငန်းများ ချဲ့ထွင်ရန်အတွက် ကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှုရှိပါသည်။ သဘာဝဘေးအန္တရာယ် ဆိုးရွားသည့် အခြေအနေမျိုး မရှိပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မိုးရာသီ တုပ်ကွေးဖျားနာခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားခြင်း၊ ဝမ်းပျက်ဝမ်းလျောရောဂါဖြစ်ပွားခြင်း အနည်းငယ်ရှိပါသည်။ ကျေးရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပြည်တွင်း ပဋိပက္ခများ မရှိပါ။ ရာသီကူးပြောင်းမှုများတွင် ခွာနာ၊ လျှာနာရောဂါစသည့် တိရစ္ဆာန်ရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကြက်နာရောဂါများ ဖြစ်ပွားမှုအနည်းငယ် တွေ့ရပါသည်။ ကျေးရွာတွင် လူကုန်ကူးမှုမရှိပါ။ မထောကျေးရွာသည် ဖါပွန်-ဘားအံ လမ်းမကြီးဘေးတွင်တည်ရှိသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ မရှိပါ။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာတွင် လူငယ်များအနေဖြင့် ရွှေ့ပြောင်းလုပ်ကိုင်နေရသည့်အတွက် အနည်းငယ်ထိခိုက်မှုများရှိပါသည်။ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် ပို၍ ထိခိုက်ခံစားလွယ်နိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပဂ အဖွဲ့	၁☐ ၂☐ ၃☑	၂	-	၂	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး☐ သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ကျောင်း အကျိုး တော်ဆောင် အဖွဲ့	၁☐ ၂☑ ၃☐	၂	-	၂	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	လူငယ် အဖွဲ့	၁☐ ၂☑ ၃☐	၁၀	၁၃	၂၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐	၇	-	၇	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	အုပ်ချုပ်ရေး	၁☐ ၂☑ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး☐ သာရေး/ နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။မထောကျေးရွာ၏ အုပ်ချုပ်မှု၊ စီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့များအားလုံး စုပေါင်း၍ စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ သာရေး/နာရေး ကိစ္စအဝဝတွင် အားတက်သရော ဦးဆောင်၍ ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်နှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထား ဆောင်ရွက်နေပါသည်။ လူငယ်အမျိုးသား/သမီးအဖွဲ့သည် ကျေးရွာ၏ သာရေးနာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ကွေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

